ပိုးသတ်ဆေးသုံးစွဲခွင့်မှတ်ပုံတင်ရန် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်ရန် လျှောက်လွှာ

နေ့စွဲ------------

သို့

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

၁။လျှောက်ထားသူ၏ အမည်နှင့်လိပ်စာ--------------------------------------------------

၂။နိုင်ငံသားစိစစ်ရေးကတ်ပြား/ အမျိုးသားမှတ်ပုံတင်/ နိုင်ငံခြားသား မှတ်ပုံတင်အမှတ်--------
-----------------------------------------------------------------------------------------

၃။ လျှောက်ထားသည့် မှတ်ပုံတင်အမျိုးအစား---------------------------------------------

၄။ ပိုးသတ်ဆေးကုန်သွယ်မှုအမည်-----------------------------------------------------

၅။ ပါဝင်သည့် အဆိပ်ရှိပစ္စည်းအမည်နှင့် ပြင်းအား၊ ဖော်စပ်သည့်ပုံစံ--------------------------
-----------------------------------------------------------------------------------------

၆။ ထုတ်လုပ်သူ/ဖော်စပ်သူ၏အမည်နှင့်လိပ်စာ--------------------------------------------

၇။ ရောင်းဝယ်ဖြန့်ဖြူးရန်အဆိုပြုသည့် ပုဂ္ဂိုလ်/ အဖွဲ့အစည်း၏ အမည်နှင့်လိပ်စာ-------------
-----------------------------------------------------------------------------------------

၈။ ထုပ်ပိုး/ ထည့်သွင်းသည့် ပစ္စည်းအမျိုးအစားနှင့်အရွယ်အစား------------------------------

၉။ လျှောက်လွှာနှင့်အတူမပျက်မကွက်ပူးတွဲတင်ပြရန်လိုသည့် အထောက်အထားစာရွက်စာတမ်းများ-

- (က) ပိုးသတ်ဆေးနှင့်ပတ်သက်သည့် အချက်အလက်များစာတမ်း၊
- (ခ) အသုံးပြုရန်အဆိုပြုတင်ပြသည့် တံဆိပ်(အညွှန်းစာ)(မြန်မာဘာသာပြန်ဆိုချက်ဖြင့်)၊
- (ဂ) အဆိပ်ရှိပစ္စည်းပါဝင်မှု တိကျစွာဖော်ပြထားသည့် ပိုးသတ်ဆေး(၁)ဂရမ် ၂ ပုလင်း၊
- (ဃ) အဆိပ်ရှိပစ္စည်းတစ်မျိုးထက် ပိုမိုပါဝင်လျှင် ပါဝင်သည့်ပိုးသတ်ဆေးအမျိုးအစား ပေါ်မူတည်၍ဖော်ပြသည့် စံပိုးသတ်ဆေးအား သီးခြားစီပေးပို့ရန်၊
- (င) စက်ရုံထုတ်အဆင့်အဆိပ်ရှိပစ္စည်းအပြင်းတွင်ပါဝင်သည့် အဆိပ်အတောက်ဖြစ်နိုင်သော မသန့်သည့် ပစ္စည်းများ သို့မဟုတ် အစွမ်းမဲ့ပစ္စည်းများ (ယာယီ/ အပြည့်အဝမှတ်ပုံတင်ခွင့် လျှောက်ထားရာတွင်) အားတိုင်းတာစစ်ဆေးရန်အတွက် ယင်းတို့၏ စံနမူနာ (၀.၅ဂရမ်)၊
- (စ) စက်ရုံထုတ်အဆိပ်ရှိပစ္စည်းအပြင်း(များ) ၂၅ ဂရမ်၊
- (ဆ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန်နှင့်ဓါတ်ကြွင်းစစ်ဆေးရန်အတွက် အသုံးပြုရန်ထောက်ခံထားသည့်ဓာတ်ငွေ့သုံးစက်ကိရိယာနှင့်အရည်ဖိအားသုံးစက်ကိရိယာ

တို့တွင် လိုအပ်သည့် ဆံချည် မျှင်ပြွန်ကော်လံများ၊

(ဈ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန်နှင့်ဓာတ်ကြွင်းလေ့လာရေး စမ်းသပ်ကွက်များပြုလုပ်နိုင်ရန်လုံလောက်သည့်ပမာဏရှိသည့်ဖော်စပ်ပြီး ပိုးသတ်ဆေး (တင်သွင်းသည့် ပမာဏ ကိုဖော်ပြရန်)

၁၁။ အထက်ဖော်ပြထားသည့်အချက်အလက်များသည်ပြည့်စုံမှန်ကန်ပါကြောင်း ဝန်ခံကတိပြုပါသည်။

-------------------------

လျှောက်ထားသူလက်မှတ်

# ပိုးသတ်ဆေးမှတ်ပုံတင်လုပ်ငန်းအဆင့်ဆင့်

ပြည်ပနိုင်ငံကုမ္ပဏီများမှ တောင်သူများစိုက်ခင်းတွင်အသုံးပြုသောပိုးသတ်ဆေးများ၊ သိုလှောင်သီးနှံများတွင်အသုံးပြုသောပိုးသတ်ဆေးများနှင့် အိမ်တွင်းသုံးပိုးသတ်ဆေးများအားမြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရောင်းချလိုပါကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်လျှောက်ထားရပါမည်။

(က) ကုမ္ပဏီများမှ မှတ်ပုံတင်လျှောက်ထားရာတွင် သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်ကာ-

- ပိုးသတ်ဆေးနှင့်ပတ်သက်၍ နည်းပညာအချက်အလက်များ
- အင်္ဂလိပ်/မြန်မာနှစ်ဘာသာဖြင့် ပြန်ဆိုထားသည့် တံဆိပ်(အညွှန်းစာ)
- အရည်အသွေးစစ်ဆေးရန်ပိုးသတ်ဆေးနမူနာ
- စက်ရုံထုတ်အဆင့်ရှိအဆိပ်ရှိပစ္စည်းနမူနာတို့ကိုပူးတွဲတင်ပြပေးပို့ရပါမည်။

(ခ) မှတ်ပုံတင်လျှောက်လွှာတင်ပြီးပါကဓါတ်ခွဲစမ်းသပ်ခကိုသတ်မှတ်ချက်နှင့်အညီပေးဆောင်ရမည်။

(ဂ) ပိုးသတ်ဆေးနမူနာကိုပိုးသတ်ဆေးဓါတ်ခွဲခန်းမှ အရည်အသွေးစစ်ဆေးပါသည်။

(ဃ) ပိုးသတ်ဆေးနှင့်ပတ်သက်သောနည်းပညာအချက်အလက်များကိုသီးနှံကာကွယ်ရေးဌာနခွဲ၊ ဌာနစုများရှိနည်းပညာကော်မတီဝင်များမှ စစ်ဆေးပါသည်။

(င) ပိုးသတ်ဆေးဓါတ်ခွဲခန်းမှ အရည်အသွေးစစ်ဆေးမှုရလဒ်နှင့် နည်းပညာကော်မတီမှ စိစစ်ထောက်ခံချက်များနှင့်အတူနည်းပညာကော်မတီအစည်းအဝေး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးများသို့ တင်ပြပါသည်။

(စ) ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးမှစိစစ်ပြီးအောက်ပါပိုးသတ်ဆေးအမျိုးအစားအတိုင်းမှတ်ပုံတင်ခွင့်ပြုပါသည်။

- စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်
- ယာယီသုံးစွဲခွင့်မှတ်ပုံတင်
- အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်

(ဆ) မှတ်ပုံတင်ခွင့်ပြုသော ပိုးသတ်ဆေးများကိုသက်ဆိုင်ရာကုမ္ပဏီများသို့မှတ်ပုံတင်ကြေးများပေးသွင်းရန် အကြောင်းကြားစာထုတ်ပေးပါသည်။

(ဇ) သတ်မှတ်ထားသည့်ပိုးသတ်ဆေးမှတ်ပုံတင်ကြေးနှုန်းထားများအတိုင်းသက်ဆိုင်ရာကုမ္ပဏီများ မှ မှတ်ပုံတင်ကြေးများကိုပေးသွင်းရပါသည်။

(ဈ) ကုမ္ပဏီများမှ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားရရှိပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါသည်။

(ည) ကုမ္ပဏီများသည် မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ သာ ပိုးသတ်ဆေးတင်သွင်း ခွင့် ထောက်ခံချက် (Import Endorsement) ကိုထပ်မံလျှောက်ထားရပါသည်။